## မြန်မာ့သမိုင်းတွင် မှတ်တိုင်တစ်ခုဖြစ်မည့် ၂၀၁၅-ခုနှစ် အထွေထွေရွေးကောက်ပွဲ မတိုင်မီကာလနှင့် ရွေးကောက်ပွဲအပြီးကာလများတွင် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှုပေးပြီး ထောက်ပံ့ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်လာစေရေး ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းနိုးဆော်ချက်

မြန်မာနိုင်ငံ ကလေးသူငယ်များအတွက် ဘာသာပေါင်းစုံအဖွဲ့ကြီးမှ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာများကို ကိုယ်စားပြုသည့် ဘာသာရေးခေါင်းဆောင်များအနေဖြင့် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအား မြန်မာနိုင်ငံတွင် သမိုင်းတွင်မည့် ၂၀၁၅-ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ နိုင်ငံတွင်းရှိ ကလေးသူငယ်များအားလုံးတို့အတွက် ပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ်လာအောင် ကတိကဝတ်အသစ်များချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ကျွန်ုပ်တို့တွေ ယနေ့ ကြိုးပမ်းလုပ်ဆောင်မှသာ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံဖြစ်သည့် ကလေးသူငယ်များ၏ အနာဂတ် လင်းလက်တောက်ပနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ကလေးသူငယ်များအတွက် တာဝန်ရှိသော မိဘ၊ အုပ်ထိန်းစောင့်ရှောက်သူများနှင့် အခြားတာဝန်ရှိသူများ အားလုံးတို့ကို မည်သည့်ဘာသာဝင်ဖြစ်စေကာမူ မိမိပတ်ဝန်းကျင်တွင် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်စေလိုပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုရှိကာ အမှီသဟဲပြုနေထိုင်ကြပြီး မည်သည့်လူမျိုး၊ ဘာသာ၊ ဓလေ့မျိုးကိုမှ ခွဲခြားဆက်ဆံမှု မပြုလုပ်ကြရန် တောင်းဆိုအပ်ပါသည်။

ကျွန်ုပ်တို့ဘာသာရေးခေါင်းဆောင်များအနေဖြင့် မကြာမီကျင်းပမည့်အထွေထွေရွေးကောက်ပွဲကြီးကို ငြိမ်းချမ်းစွာနှင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကြီး ဖြစ်စေဖို့ အဘက်ဘက်မှ ဝိုင်းဝန်းကြိုးစားပေးကြပါရန်လည်း တိုက်တွန်းအပ်ပါသည်။

ကလေးသူငယ်များကို အကောင်းဆုံးသော ဘဝများ စတင်နိုင်အောင် ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝစေ၊ ပညာသင်ယူနိုင်စေ၊ ပဋိပက္ခ၊ စစ်ပွဲ၊ အကြမ်းဖက်မှုတို့မှ ကင်းဝေးစေအောင် လုပ်ဆောင်ပေးဖို့ ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။ ဒို့အပြင် ကလေးများ ကျန်းမာပျော်ရွှင်ပြီး ငြိမ်းချမ်းညီညွတ်သော ဘဝများရရှိပိုင်ဆိုင်နိုင်အောင် နိုင်ငံတွင်းနေထိုင်ကြသည့် ဘာသာတစ်ခုနှင့် တစ်ခုကြားတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှု၊ ချစ်ခင်မှု၊ တန်ဖိုးထားဆက်ဆံမှု တို့ရှိသော ပတ်ဝန်းကျင်ကို ဖော်ဆောင်ကြရန်မှာ ကျွန်ုပ်တို့အားလုံး၏ တာဝန်တစ်ရပ်ပင်ဖြစ်ပေသည်။

၂၀၁၅၊ အောက်တိုဘာလ (၁၆)ရက်

မြန်မာနိုင်ငံရှိ ဘာသာကြီးလေးခု၏ ဘာသာရေးခေါင်းဆောင်များအနေဖြင့် နိုင်ငံရှိ ကလေးသူငယ်များဘဝ ပိုမိုလုပစိုပြေစေရေး အလေးပေး၍ မိမိတို့ဘာသာခြားအချင်းချင်းပူးပေါင်းကာ အတတ်နိုင်ဆုံးဆောင်ရွက်သွားကြရန်လည်း သံန္နိဋ္ဌာန်ပြုအပ်ပါသည်။

ကွဲပြားခြားနားမှုများရှိစေကာမူ မတူကွဲပြားမှုများအကြားမှ ညီညွတ်မှုကို ဆောင်ကြဉ်းပြီး တစ်ဘာသာနှင့် တစ်ဘာသာအကြား လေးစားသမှုနှင့် အပြန်အလှန်ညှိနှိုင်းပြောဆိုဆက်ဆံကြခြင်းအားဖြင့် ငြိမ်းချမ်းသာယာသော အနာဂတ်ကို ဖော်ဆောင်သွားကြမည်ဟုလည်းထပ်လောင်း သံန္နိဋ္ဌာန်ပြုအပ်ပါသည်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

ကလေး… ကလေး - ကလေးကို အထင်မသေးနဲ့။ ကလေးတွေကို ချီးမြှောက်ပါ။ အနာဂတ်ကမ္ဘာရဲ့ခေါင်းဆောင်တွေဟာ ယနေ့ကလေးတွေဖြစ်ပါတယ်။

ကလေး… ကလေး - ကလေးတွေကို ပစ်မထားကြပါနဲ့၊ လူကြီးတွေက ကလေးကဖြစ်လာကြတာပါ။ ယနေ့ကလေးတွေဟာ မကြာခင်လူကြီးဖြစ်လာကြမှာပါ။ ယနေ့လူကြီးတွေဟာ ယမန်နေ့က ကလေးတွေပါ။

မြတ်ဗုဒ္ဓက ဟောကြားခဲ့တယ် "မတူညီတဲ့ အချက်တွေကို ငါတို့ ချန်လှပ်ထားခဲ့ပြီး တူညီတဲ့အချက်တွေအပေါ် ဦးတည်ထားလျက် လက်တွေ့လုပ်ဆောင်လိုက်ကြပါစို့။ အဘယ့်ကြောင့် အငြင်းပွားနေကြဦးမှာလဲ"။

ဒီ့အတွက် မြန်မာမြေပေါ်မှာ ရှိနေကြတဲ့ တခြားဘာသာတရားတွေနဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲ၍ နေထိုင်သွားပါလို့ မူ (၅)ချက်ဖြင့် တိုက်တွန်းပါတယ်။

(၁) အချင်းချင်းအပြန်အလှန်တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ တည်ဆောက်ပြီး နေသွားကြပါစို့။

(၂) ဘာသာရေးအဖွဲ့အစည်းတစ်ခုနဲ့တစ်ခု အပြန်အလှန် ရှိသေ လေးစားစွာ တစ်ယောက်နဲ့တစ်ယောက် လေးလေးစားစားဆက်ဆံပြီးတော့ နေသွားကြပါစို့။

(၃) ဘာသာရေးအဖွဲ့အစည်းတစ်ခုက အခြားဘာသာရေးအဖွဲ့အစည်းတစ်ခုအတွင်းသို့ ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲနဲ့ ငြိမ်းချမ်းစွာနေထိုင်သွားပါစို့။

(၄) ဆူပူသောင်းကြမ်းခြင်းတို့ကို ရှောင်ရှား၍ ငြိမ်းချမ်းစွာ လက်တွဲ၍ အတူနေထိုင်သွားကြပါစို့။

(၅) ကြီးကျယ်မြင့်မြတ်စွာ သီးခံခြင်းတရားကိုလက်ကိုင်ထား၍ မည်သည့်ဘာသာရေး အဖွဲ့အစည်းတွင်မဆို ငြိမ်းချမ်းစွာ လက်တွဲပြီးတော့ အတူနေထိုင်သွားကြပါစို့။

တစ်ယောက် တစ်ယောက် နားလည်မှုရအောင်ယူမယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ဆက်ဆံမယ်။ တစ်ဘာသာက တစ်ဘာသာထဲကို ဝင်ရောက်စွက်ဖက်ခြင်း ဘာမှ မပြုဘူး။ ပဋိပက္ခဖြစ်တာကို ကြိုးစား၍ရှောင်မယ်။ ကြီးမားသော သည်းခံခြင်းနဲ့ မြန်မာမြေပေါ်မှာရှိတဲ့ ဘယ်ဘာသာဝင်များနဲ့မဆို အားလုံး ငြိမ်းငြိမ်းချမ်းချမ်း လက်တွဲနေထိုင်သွားကြပါစို့လို့ ငြိမ်းချမ်းရေး မူ(၅)ချက်ကို ကြေညာခြင်းနဲ့အတူ တိုက်တွန်းလိုက်ရပါတယ်။

ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)

သီတဂူ ကမ္ဘာ့ဗုဒ္ဓသာသနာပြုတက္ကသိုလ်
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

"ကလေးသူငယ်များငါ့ထံသို့လာကြပါစေ၊ ----- အကြောင်းမူကား ဘုရားသခင်၏နိုင်ငံတော်သည် ထိုသူငယ်တို့၏ နိုင်ငံဖြစ်၏'"(မာတေဦး၁၉း၁၄) သခင်ယေရှု၏ မိန့်မှာချက်

လူအသိုင်းအဝိုင်းတစ်ခု၏ ကြီးမြတ်မှုသည် ထိုအသိုင်းဝိုင်းရှိ ဆင်းရဲနွမ်းပါးသူများ၊ အကူအညီလိုအပ်နေသူများကို အလေးပေးဆက်ဆံမှုအပေါ်တွင် မူတည်ပါသည်။

ရဟန်းမင်းကြီး ဖရန်စစ်၏ မိန့်မှာချက်

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

မုချကေန် အကြင်သူများသည် ကြောက်ရွံ့ကြရပေမည်။ အကယ်၍ ထိုသူများသည် မိမိတို့ နောက်၌ အင်အားချည့်နဲ့သော ကလေးများကို စွန့်ထား၍သေဆုံးကြရသည်ရှိသော် ထိုကလေးများနှင့် ပက်သက်၍ စိုးရိမ်ပူပန်ကြပေမည်။ သို့ဖြစ်ပေရာ ထိုသူတို့သည် (ဖမဲ့ကလေးများနှင့် ပက်သက်၍) အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြရပေမည်။ ၄င်းပြင် (တရားမျှတသော) ဖြောင့်မတ်မှန်ကန်သောစကားကို ပြောဆိုရပေမည်။ (ကုရ်အာန် ၄ း ၉)

ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ သားသမီးများသည်လည်းကောင်း လောကီဘဝ၏ တင့်တယ်မှုများပင်ဖြစ်ပေသည်။ ကုရ်အာန်(၁၈း၄၆)

“မဟာတမန်တော်မြတ်ကြီး(ဆွ) မိန့်တော်မူသည်မှာ ကလေးသူငယ်များ၏ ဘဝမြင့်တင်ရေးကို ရှေးရှု၍ ဆောင်ရွက်သော မိဘတို့အား အလ္လာဟ်အရှင်မြတ်သည် ကူညီတော်မူအံ့။” အိဗ်နေ့ အဘီရှိန်ဗာဩဝ်ဒကျမ်း

ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံနေထိုင်သော မြန်မာနိုင်ငံ၏ အလှမှာ မတူကွဲပြားမှုများအတွင်း၌ သဟဇာတ ရှိနေမှုဖြစ်၏။

မိမိတို့ရင်သွေးများ၏ အနာဂတ်အတွက် ရင်အေးစေရာ ထိုအလှကို မပျက်ယွင်းအောင် လူကြီးမိဘများမှ ကာကွယ်စောင့်ရှောက်ရပေမည်။

အစ္စလာမ်ဘာသာရေးခေါင်းဆောင် မွဖ်သီ နူးရ်မိုဟမ္မဒ် (ခ) ဦးကိုလေး မှ ပြောကြားချက်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

ဟိန္ဒူဘာသာသည် လူသားတိုင်းကို အစစအရာရာ၌ ဘုရားသခင်၏အစိတ်အပိုင်းကဲ့သို့ တွေ့မြင်၍ လောက၌ရှိသော အရာရာကို ကြည်ညိုလေးစားရေးကို သင်ကြားပို့ချလေသည်။ ဝေဒကျမ်းများအရ ကျွန်ုပ်တို့အားလုံးသည် မယ်တော်ပထဝီ၏ သားသမီးများဖြစ်ကြလေသည်။

သတ္တဝါတိုင်းအား လွတ်မြောက်ရန်နှင့် ကမ္ဘာကြီးကောင်းမွန်စေရန်သော်လည်းကောင်း၊ စားရေရိက္ခာများဖူလုံစေရန်သော်လည်းကောင်း၊ ကျွန်ုပ်တို့စုပေါင်း၍ ကြိုးစားကြရမည်။ ဟိန္ဒူဘာသာ၌ တစ်ဦးတည်းအခွင့်အရေးကို ရရှိခံစားစေရန် မတွေးခေါ်ဘဲ၊ အားလုံးကို အဆင့်ဆင့်မိသားစုအသင်းအဖွဲ့နှင့် ဘုရားရှင်၏ အစိတ်အပိုင်းအဖြစ် အမြဲယုံကြည်ကြပါသည်။

ဟိန္ဒူဘာသာတွင် တစ်ဦးတစ်ယောက်၏ တသီးပုဂ္ဂလအခွင့်အရေးကို ဦးစားမပေးဘဲ တာဝန်ဝတ္တရားကိုသာ ဦးစားပေးရမည်။ ကျွန်ုပ်တို့သည် ကလေးသူငယ်များအား သနားကြင်နာစွာဖြင့် စောင့်ရှောက်ရန်မှာ ကျွန်ုပ်တို့အားလုံး၏ တာဝန်ဖြစ်ပြီး လူတိုင်းအတူတကွနေထိုင်ခြင်းဖြင့် နောက်ဆုံးပန်းတိုင်ဖြစ်သော ဘက်စုံဖွံ့ဖြိုးရေးကို ရရှိနိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့၏ ကျမ်းစာများ၌ သင်ကြားပေးသည်မှာ လူတိုင်းအားရောဂါဘယများ ကင်းဝေးပါစေ၊ လူတိုင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ပါစေ၊ မည်သူမျှဆင်းရဲဒုက္ခမခံစားရပါစေနှင့်။ လူသားတိုင်းကျန်းမာချမ်းသာနိုင်ကြပါစေ၊ အတူတကွရင်းနှီးတိုင်ပင်တွေ့ဆုံဆွေးနွေးနိုင်ကြပါစေ။ ကျွန်ုပ်တို့၏ စိတ်နှလုံးသားများသည် တူညီ၍ ခေတ်အဆက်ဆက်က ဘိုးစဉ်ဘောင်ဆက်ကျင့်ကြံအားထုတ်ခဲ့သကဲ့သို့ ကျွန်ုပ်တို့အားထုတ်နိုင်ကြပါစေ။

ဒေါက်တာလုထွန်း
အကျိုးတော်ဆောင်၊ ဟိန္ဒူဘာသာရေးအဖွဲ့